# ရပ်ရွာအဖွဲ့အစည်းများအပေါ် သက်ရောက်မှုရှိစေသော ပြည်ပဝင်ရောက်စွက်ဖက်မှုဆိုင်ရာ ဥပမာများ

ရပ်ရွာအဖွဲ့အစည်းများသည် လူထုကို ပံ့ပိုးကူညီခြင်း၊ ပံ့ဖော်ပေးခြင်း၊ ဆုံးဖြတ်ချက်ချရာတွင်လွှမ်းမိုးခြင်းနှင့် မတူကွဲပြားသော အုပ်စုများကို ချိတ်ဆက်ပေးခြင်းတို့တွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နေသည်။

ရပ်ရွာအဖွဲ့အစည်းများ၏ ကျယ်ပြန့်သော ကွန်ရက်များနှင့် ယုံကြည်ရသော ဆက်ဆံရေးများသည် ၎င်းတို့အား လူထုခေါင်းဆောင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု တွင် အဓိကကျသော အခန်းကဏ္ဍ၌ ရှိနေစေသည်။

ပြည်ပအင်အားစုများက **လျှို့ဝှက်ခြင်း၊ အကျပ်ကိုင်ခြင်း၊ လှည့်ဖြားခြင်း သို့မဟုတ် အကျင့်ပျက်ခြစားစေခြင်း စသည့် လုပ်ရပ်များ** မှတစ်ဆင့် ရပ်ရွာအဖွဲ့အစည်းတစ်ခုကို ပစ်မှတ်ထားစွက်ဖက်လာပါက ထိုအဖွဲ့အစည်း၏ လွတ်လပ်မှုကို ထိခိုက်စေနိုင်ပြီး လူထု၏ ယုံကြည်မှုနှင့် ညီညွတ်မှုကို ပျက်ပြားစေနိုင်သည်။

ထို့အပြင် ယင်းစွက်ဖက်မှုသည် အဖွဲ့အစည်းနှင့် ကျယ်ပြန့်သော လူထုအသိုင်းအဝိုင်းနှစ်ခုလုံး၏ ဘေးကင်းလုံခြုံရေး၊ အကာအကွယ်ပေးထားမှု၊ လွတ်လပ်စွာ ဖော်ထုတ်ပြောဆိုခွင့်နှင့် ဖွဲ့စည်းဆက်နွယ်ခြင်းတို့ကို ခြိမ်းခြောက်နိုင်သည်။

နယူးဇီလန်နိုင်ငံရှိ ရပ်ရွာအဖွဲ့အစည်းများကို ပြည်ပဝင်ရောက်စွက်ဖက်မှု ပြုလုပ်လိုသော နိုင်ငံခြားအင်အားစုများက မည်သို့ ပစ်မှတ်ထား စွက်ဖက်နိုင်ကြောင်းနှင့် ၎င်းကို မည်သို့ ကာကွယ်တားဆီးနိုင်ကြောင်းကို **ပိုမိုလေ့လာပါ**။

### ရပ်ရွာအဖွဲ့အစည်းများအပေါ် သက်ရောက်မှုရှိစေသော ပြည်ပဝင်ရောက်စွက်ဖက်မှုဆိုင်ရာ ဥပမာများ

ပြည်ပဝင်ရောက်စွက်ဖက်မှုသည် ရပ်ရွာအဖွဲ့အစည်းများအပေါ် မည်သို့သက်ရောက်မှုရှိနိုင်ကြောင်း ပြသသည့် ဥပမာသုံးခုကို အောက်တွင် ဖော်ပြထားသည်။ ဤဥပမာများတွင် "ပြည်ပနိုင်ငံ" ဆိုသည်မှာ နယူးဇီလန်နိုင်ငံမှလွဲ၍ အခြားနိုင်ငံမှန်သမျှကို ဆိုလိုသည်။

ဤဥပမာများသည် Multicultural New Zealand (နယူးဇီလန် လူမျိုးစုံယဉ်ကျေးမှုကောင်စီများအဖွဲ့ချုပ်) က တိုင်းရင်းသားလူမျိုးစုများဆိုင်ရာ ဝန်ကြီးဌာနသို့ မျှဝေထားသော အတွေ့အကြုံ အချက်အလက်များအပေါ် အခြေခံထားခြင်းဖြစ်သည်။ ဤသတင်းအချက်အလက် အရင်းအမြစ်နှင့် 'သင့်ရပ်ရွာအဖွဲ့အစည်းကို ပြည်ပဝင်ရောက်စွက်ဖက်မှုဘေးမှ ကာကွယ်ခြင်း' အရင်းအမြစ်တို့အတွက်

၎င်းတို့၏ တန်ဖိုးရှိလှသော ပံ့ပိုးကူညီမှုများကို အထူးကျေးဇူးတင်ရှိပါသည်။

အောက်ပါဥပမာများသည် 1961ပြစ်မှုဆိုင်ရာဥပဒေ (Crimes Act 1961) အရ ပြည်ပဝင်ရောက်စွက်ဖက်မှုအဖြစ် သတ်မှတ်ခံရနိုင်သည့် လှုပ်ရှားမှုများကို ပုံဖော်ထားသော စိတ်ကူးယဉ်အခြေအနေများ ဖြစ်သည်။

**ဤသည်မှာ ယေဘုယျ သတင်းအချက်အလက်သာ ဖြစ်သည်။ သင် နားလည်သဘောပေါက်စေရန်အတွက်သာ ရည်ရွယ်ပြီး ဥပဒေကြောင်းအရ အကြံပြုချက် မဟုတ်ပါ။ တိကျသော ဥပဒေရေးရာ အကြံဉာဏ်များအတွက် အရည်အချင်းပြည့်မီသော ဥပဒေပညာရှင်နှင့် ဆွေးနွေးတိုင်ပင်ပါ။**

## ဥပမာ 1 - ပြည်ပနိုင်ငံတစ်ခု၏ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်နေသော အသစ်ရွေးချယ်ခံရသည့် ဘုတ်အဖွဲ့ဝင်များ

### ဖြစ်ပွားခဲ့သည့် အခြေအနေ

ရပ်ရွာအဖွဲ့အစည်းတစ်ခုသည် နှစ်နှစ်လျှင်တစ်ကြိမ် ဘုတ်အဖွဲ့ဝင်ရွေးကောက်ပွဲများကို ကျင်းပသည်။ အဖွဲ့ဝင်အသစ်နှစ်ဦးသည် မဲဆွယ်စည်းရုံးခြင်းနှင့် လူထုနှင့် ထိတွေ့ဆက်ဆံမှုများ ပြုလုပ်ပြီးနောက် ရွေးကောက်တင်မြှောက်ခြင်း ခံခဲ့ရသည်။

၎င်းတို့ ရွေးကောက်ခံရပြီးနောက်၊ ထိုအဖွဲ့ဝင်နှစ်ဦးသည် ၎င်းတို့၏ မူလမိခင်နိုင်ငံအစိုးရအတွက် ကြားခံကိုယ်စားလှယ်များ (Proxies) အဖြစ် ဆောင်ရွက်ခဲ့ကြသည်။ ၎င်းတို့သည် ထိုပြည်ပနိုင်ငံအစိုးရ၏ ညွှန်ကြားချက်အောက်တွင် လုပ်ဆောင်ခဲ့ကြပြီး၊ ဤကဲ့သို့ ချိတ်ဆက်ထားမှုကို အဖွဲ့အစည်းထံမှ တမင်တကာ လျှို့ဝှက်ထားခဲ့သည်။

ထိုအဖွဲ့ဝင်နှစ်ဦးသည် ပြည်ပနိုင်ငံ၏ အကျိုးစီးပွားနှင့် ဆန့်ကျင်ဘက်ဖြစ်နေသော ရပ်ရွာလူထု၏ အချို့သော ပြဿနာရပ်များကို တမင်တကာ ဖိနှိပ်ချုပ်ချယ်ရန် ကြိုးပမ်းခဲ့ကြသည်။ ၎င်းတို့သည် မိမိတို့၏ လုပ်ရပ်များကို သာမန်အဖွဲ့အစည်းဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်မှုအဖြစ် ဟန်ဆောင်ပြသခဲ့ကြသော်လည်း၊ အမှန်တကယ်တွင်မူ ပြည်ပအစိုးရ၏ အကျိုးစီးပွားကို လှည့်ဖြား၍ ရှေ့တန်းတင်ရန် ကြိုးပမ်းနေခြင်းဖြစ်သည်။ ထို့အပြင် ၎င်းတို့သည် သဘောထားကွဲလွဲသည့် အခြားဘုတ်အဖွဲ့ဝင်များကို

ဖိအားပေးခဲ့ကြပြီး ထိုပြည်ပနိုင်ငံနှင့် ကိုက်ညီသော အမြင်များကိုသာ မြှင့်တင်အားပေးခဲ့ကြသည်။

အခြားဘုတ်အဖွဲ့ဝင်များက မိမိတို့သည် ရပ်ရွာလူထု၏ သဘောထားအမြင်များကို ထင်ဟပ်ဖော်ပြနေခြင်းဖြစ်ကြောင်း ပြောဆိုသည့်အခါ၊ ထိုအဖွဲ့ဝင်နှစ်ဦးက "အဲဒါ ဘယ်သူတွေလဲ" ဟု ရန်လိုမေးခွန်းထုတ်စိန်ခေါ် ခဲ့ပြီး ထိုရပ်ရွာလူထုအဖွဲ့ဝင်များ၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များကို ပေးရန် အတင်းအကျပ် တောင်းဆိုခဲ့ကြသည်။ ထိုအဖွဲ့ဝင်အသစ်များသည် ပြည်ပနိုင်ငံ၏ ကြားခံကိုယ်စားလှယ်များအဖြစ် ဆောင်ရွက်နေခြင်းဖြစ်နိုင်ကြောင်း သံသယရှိသဖြင့် အခြားဘုတ်အဖွဲ့ဝင်များက ထိုအချက်အလက်များကို မပေးခဲ့ကြပါ။

ဘုတ်အဖွဲ့အစည်းအဝေးများအတွင်း အငြင်းပွားဖွယ်ရာ ကိစ္စရပ်များကို ဆွေးနွေးပြီးနောက်၊ အခြားဘုတ်အဖွဲ့ဝင်များသည် လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် အမည်မသိသူများထံမှ ခြိမ်းခြောက်မှုများကို လက်ခံရရှိခဲ့ကြသည်။ ထို့ကြောင့် ယင်းအဖွဲ့ဝင်အသစ်များသည် ပြည်ပနိုင်ငံထံသို့ သတင်းများ ပြန်လည်ပေးပို့နေသည်ဟု အဖွဲ့အစည်းက သံသယရှိခဲ့သည်။ ဤအစည်းအဝေးများသည် အများပြည်သူ သို့မဟုတ် ရပ်ရွာလူထုထံ လွှင့်ထုတ်ပြသထားခြင်း မရှိသည့်အပြင်၊ ဆွေးနွေးခဲ့သော အချက်အလက်များကိုလည်း အများပြည်သူထံ ထုတ်ပြန်ထားခြင်း မရှိပါ။

**အဘယ်ကြောင့် ပြည်ပဝင်ရောက်စွက်ဖက်မှု ဖြစ်သနည်း။**

ပြည်ပနိုင်ငံတစ်ခုသည် အဖွဲ့အစည်း၏ ပြည်တွင်းဆုံးဖြတ်ချက်များတွင် လျှို့ဝှက်စွာ စွက်ဖက်ရန်နှင့် ၎င်းတို့၏ အကျိုးစီးပွားနှင့် ကွဲလွဲနေသော သဘောထားအမြင်များကို ဖိနှိပ်ရန်အတွက် ကြားခံကိုယ်စားလှယ်များကို အသုံးပြုခဲ့သည်။

သဘောထားအမြင်များကို တမင်တကာ ဖိနှိပ်ချုပ်ချယ်ရန် ကြိုးပမ်းမှုများသည် ရပ်ရွာလူထု၏ လွတ်လပ်စွာ ဖော်ထုတ်ပြောဆိုခွင့်ကို ထိခိုက်ပျက်ပြားစေသည်။

ကိုယ်ရေးကိုယ်တာ အချက်အလက်များကို အတင်းအကျပ် တောင်းဆိုခြင်းသည် ရပ်ရွာလူထုအဖွဲ့ဝင်များ၏ ဘေးကင်းလုံခြုံရေးကိုလည်း ထိခိုက်စေနိုင်သည်။

'*လက်ဝေခံ သို့မဟုတ် လက်ဝေခံအဖွဲ့များ*' ဆိုသည်မှာ ပြည်ပနိုင်ငံတစ်ခု၏ ကိုယ်စား စိုးရိမ်ဖွယ် လုံခြုံရေးဆိုင်ရာ လှုပ်ရှားမှုများကို လုပ်ဆောင်ရန် ထိုနိုင်ငံက အသုံးချနေသော၊ များသောအားဖြင့် နယူးဇီလန်နိုင်ငံအတွင်း အခြေစိုက်သည့် လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဆိုလိုသည်။

# ဥပမာ 2 - ရပ်ရွာအဖွဲ့အစည်းတစ်ခု၏ အခမ်းအနားတွင် မည်သူပူးပေါင်းပါဝင်နိုင်သည်ကို ထိန်းချုပ်ရန် ကြိုးပမ်းခြင်း

## ဖြစ်ပွားခဲ့သည့် အခြေအနေ

ရပ်ရွာအဖွဲ့အစည်းတစ်ခုသည် နယူးဇီလန်နိုင်ငံရှိ ၎င်းတို့၏ ရိုးရာအမွေအနှစ်၊ မည်သူမည်ဝါဖြစ်တည်မှုနှင့် လူထု၏ သမိုင်းကြောင်းကို ဆင်နွှဲရန်အတွက် နှစ်ပတ်လည် ယဉ်ကျေးမှုပွဲတော်တစ်ခုကို စီစဉ်ကျင်းပနေခဲ့သည်။

ပြည်ပအစိုးရတစ်ခု၏ ကိုယ်စားလှယ်အဖြစ် လူသိများထင်ရှားသော လူတစ်ဦးသည် ပွဲစီစဉ်သူများအပေါ် ဖိအားပေးခဲ့ပြီး၊ ၎င်းတို့အမြင်အရ "နိုင်ငံတော်အကျိုးစီးပွားကို ဆန့်ကျင်သူများ" ဟု ယူဆရသည့် အဖွဲ့ဝင်အချို့ကို ပွဲတော်တွင် မပါဝင်နိုင်စေရန် ဖယ်ထုတ်ခိုင်းခဲ့သည်။

ထိုသူက ပွဲစီစဉ်သူများအနေဖြင့် လိုက်နာဆောင်ရွက်ခြင်း မရှိပါက၊ ၎င်းတို့သည် ဩဇာညောင်းသော ရပ်ရွာခေါင်းဆောင်များထံ ချဉ်းကပ်၍ အဖွဲ့အစည်းကို လူသိရှင်ကြား ဝေဖန်ပြစ်တင်ခိုင်းမည်ဖြစ်ကြောင်း၊ မကောင်းသတင်းများ ဖြန့်ဝေမည်ဖြစ်ကြောင်းနှင့် ရပ်ရွာလူထုအတွင်း အဖွဲ့အစည်း၏ ရပ်တည်ချက်နှင့် ယုံကြည်စိတ်ချရမှုတို့ကို ထိခိုက်ပျက်ပြားအောင် လုပ်ဆောင်မည်ဖြစ်ကြောင်း သတိပေးခဲ့သည်။

ဤသို့လုပ်ဆောင်ခြင်းသည် နယူးဇီလန်အစိုးရအေဂျင်စီများနှင့် အခြားသော ရန်ပုံငွေအဖွဲ့အစည်းများထံမှ ရပ်ရွာလူထုဆိုင်ရာ ရန်ပုံငွေများ ရရှိနိုင်မည့် အဖွဲ့အစည်း၏ စွမ်းဆောင်ရည်ကို ထိခိုက်နစ်နာစေမည်ဖြစ်ကြောင်း ပြည်ပနိုင်ငံက သိရှိထားသည်။

ဤခြိမ်းခြောက်မှုများသည် မိမိတို့အဖွဲ့အစည်း၏ အားလုံးပါဝင်နိုင်ရေးဆိုင်ရာ တန်ဖိုးထားမှုများကို ဆန့်ကျင်လုပ်ဆောင်လာစေရန် အကျပ်ကိုင်ခြင်းနှင့် ဆုံးဖြတ်ချက်ချရာတွင် ဝင်ရောက်စွက်ဖက်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း အဖွဲ့အစည်းက ရိပ်မိနားလည်ခဲ့သည်။ အဖွဲ့အစည်းသည် လူပုဂ္ဂိုလ်များကို ဖယ်ထုတ်ရန် ငြင်းဆန်ခဲ့သော်လည်း ၎င်းတို့၏ ဂုဏ်သိက္ခာအပေါ် သက်ရောက်လာနိုင်သည့် အလားအလာရှိသော ထိခိုက်မှုများအတွက် စိုးရိမ်ခဲ့ကြသည်။

**အဘယ်ကြောင့် ပြည်ပဝင်ရောက်စွက်ဖက်မှု ဖြစ်ရသနည်း။**

ပြည်ပနိုင်ငံတစ်ခုသည် အဖွဲ့အစည်း၏ အားလုံးပါဝင်နိုင်ရေးဆိုင်ရာ တန်ဖိုးထားမှုများနှင့် ဆန့်ကျင်ဘက်ဖြစ်သော ဆုံးဖြတ်ချက်များကို အတင်းအကျပ် ချမှတ်ခိုင်းစေရန် အကျပ်ကိုင်ခြင်း နှင့် ဂုဏ်သိက္ခာပိုင်းဆိုင်ရာ ခြိမ်းခြောက်မှုများကို အသုံးပြု၍ ရပ်ရွာလူထု၏ ပူးပေါင်းပါဝင်မှုကို ထိန်းချုပ်ရန် ကြိုးပမ်းခဲ့သည်။

ပြည်ပနိုင်ငံသည် ၎င်း၏ကိုယ်ပိုင်ရည်မှန်းချက်များ အောင်မြင်စေရန် ရပ်ရွာအဖွဲ့အစည်းတစ်ခုအတွင်း ဝင်ရောက်စွက်ဖက်ခဲ့ပြီး၊ ၎င်းတို့၏ လက်တုံ့ပြန်မည့် လုပ်ရပ်များဆိုင်ရာ ခြိမ်းခြောက်မှုများသည် အဖွဲ့အစည်းအနေဖြင့် နယူးဇီလန်လူ့အဖွဲ့အစည်းအတွင်း အပြည့်အဝ ပါဝင်လှုပ်ရှားနိုင်မှုကို ဟန့်တားနှောင့်ယှက်နေသည်။

## ဥပမာ 3 - ရပ်ရွာလူထုအဖွဲ့ဝင်များ၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များကို ရယူရန် ရန်ပုံငွေနှင့် လက်ဆောင်ပစ္စည်းများကို အသုံးချခြင်း

### ဖြစ်ပွားခဲ့သည့် အခြေအနေ

လူမှုအဖွဲ့အစည်းအသစ်တစ်ခုသည် ၎င်းတို့၏ လူထုအတွင်း ဂုဏ်သိက္ခာနှင့် ဩဇာလွှမ်းမိုးမှုကို စတင်မြှင့်တင်လာခဲ့သည်။

၎င်းတို့သည် မိမိတို့၏ မူလမိခင်နိုင်ငံ သံရုံးနှင့် တွေ့ဆုံရန် ဖိတ်ကြားခြင်းခံရပြီးနောက် လက်ခံတွေ့ဆုံခဲ့ကြသည်။ မိမိတို့၏ လုပ်ဆောင်ချက်များကို အသိအမှတ်ပြုခံရသည့်အတွက် ဝမ်းမြောက်မိကြပြီး၊ သံရုံးနှင့် ကောင်းမွန်သော ဆက်ဆံရေး တည်ဆောက်ရန် အဖိုးတန်သော အခွင့်အလမ်းတစ်ခုဟု ယူဆခဲ့ကြသည်။

ထိုတွေ့ဆုံပွဲတွင် အဖွဲ့အစည်းအတွက် ရေရှည်ဘဏ္ဍာရေးဆိုင်ရာ ပံ့ပိုးကူညီမှုများနှင့် အဖွဲ့ဝင်တစ်ဦးချင်းစီအတွက် လက်ဆောင်ပစ္စည်းများကို ပေးအပ်ရန် ကမ်းလှမ်းခြင်း ခံခဲ့ရသည်။ ထို့အပြင် အဖွဲ့အစည်း၏ လှုပ်ရှားမှုများအတွက် သံရုံးဘက်မှ လူသိရှင်ကြား ထောက်ခံအားပေးသွားမည်ဟုလည်း ကမ်းလှမ်းခဲ့သည်။ ထိုလူမှုအဖွဲ့အစည်းသည် ၎င်းတို့၏ လုပ်ဆောင်ချက်များအပေါ် သံရုံး၏ အသိအမှတ်ပြုမှုနှင့် အားပေးမှုတို့အတွက် ကျေးဇူးတင်ရှိခဲ့ကြသည်။ အချိန်ကြာလာသည်နှင့်အမျှ

အဖွဲ့အစည်း၏ အချို့သော လှုပ်ရှားမှုများသည် ထိုဘဏ္ဍာရေး ပံ့ပိုးကူညီမှုအပေါ် မှီခိုအားထားလာခဲ့ရသည်။

ခြောက်လခန့် ကြာပြီးနောက်၊ သံရုံးဘက်က ယခင်က ပံ့ပိုးကူညီမှုများ ပေးထားခဲ့ဖူးသောကြောင့် အဖွဲ့အစည်းအနေဖြင့် "ကျေးဇူးဆပ်ရန် အကြွေးတင်နေပြီ" ဟုဆိုကာ အဖွဲ့အစည်းနှင့် လက်တွဲလုပ်ဆောင်နေသော ရပ်ရွာလူထုအဖွဲ့ဝင်များ၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များကို တောင်းဆိုလာခဲ့သည်။

ထိုကိုယ်ရေးကိုယ်တာ အချက်အလက်များကို ပေးအပ်ရန် အဖွဲ့အစည်းကို အကျပ်ကိုင်ခြင်းနှင့် ခြိမ်းခြောက်ခြင်းများ ပြုလုပ်ခဲ့သော်လည်း ၎င်းတို့က ငြင်းဆန်ခဲ့ကြသည်။ ထို့နောက် သံရုံး၏ ပံ့ပိုးကူညီမှုများ ရပ်တန့်သွားခဲ့ပြီး ၎င်းသည် အဖွဲ့အစည်း၏ အချို့သော လှုပ်ရှားမှုများအပေါ် သက်ရောက်မှုရှိစေခဲ့သည်။

**အဘယ်ကြောင့် ပြည်ပဝင်ရောက်စွက်ဖက်မှု ဖြစ်ရသနည်း။**

ပြည်ပနိုင်ငံတစ်ခုသည် အဖွဲ့အစည်းအပေါ် အသာစီးရယူရန် ရည်ရွယ်ချက်ဖြင့် လက်ဆောင်ပစ္စည်းများနှင့် ရန်ပုံငွေများကို တမင်တကာ အသုံးချခဲ့ပြီး၊ ထို့နောက်တွင် ရပ်ရွာလူထုအဖွဲ့ဝင်များ၏ ထိခိုက်လွယ်သော ကိုယ်ရေးကိုယ်တာ အချက်အလက်များကို ရယူရန် ကြိုးပမ်းခဲ့သည်။

ဤသည်မှာ ပြည်ပနိုင်ငံ၏ ကိုယ်ပိုင်ရည်ရွယ်ချက်များအတွက် အချက်အလက်များကို စုဆောင်းရန်နှင့် အဖွဲ့အစည်းဆိုင်ရာ ဆုံးဖြတ်ချက်များတွင် ဝင်ရောက်စွက်ဖက်ရန် အကျပ်ကိုင်ခြင်း အသွင်ဖြင့် ကြိုးပမ်းမှုတစ်ခု ဖြစ်သည်။